# ကရင် ပြည် သူ့ ပါ တီ

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
# နှင့်
# မူဝါဒများ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်း | .... ၁ |
| အခန်း ၁။ | .... ၁ |
| - အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | |
| အခန်း ၂။ | .... ၂ |
| - မျှော်မှန်းချက်၊ ပန်းတိုင်၊ ရည်ရွယ်ချက်၊ တန်ဖိုးထားမှု နှင့် ယုံကြည်မှု | |
| အခန်း ၃။ | .... ၃ |
| - လမ်းစဉ်များနှင့်မူဝါဒများ | |
| အခန်း ၄။ | .... ၄ |
| - ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း နှင့် ရပ်စဲခြင်း | |
| အခန်း ၅။ | .... ၅ |
| - ဖွဲ့စည်းပုံအဆင့်ဆင့် | |
| အခန်း ၆။ | .... ၈ |
| - ရွေးချယ်တင်မြှောက်ခြင်း | |
| အခန်း ၇။ | .... ၈ |
| - တာဝန်နှင့်လုပ်ပိုင်ခွင့်များ | |
| အခန်း ၈။ | .... ၁၀ |
| - ဘဏ္ဍာရေး | |
| အခန်း ၉။ | .... ၁၂ |
| - ပါတီ၏အလံနှင့်အမှတ်တံဆိပ်<br>ပါတီ၏သင်္ကေတအမှတ်တံဆိပ် | |
| အခန်း ၁၀။ | .... ၁၃ |
| - အထွေထွေ | |

# ကရင်ပြည်သူ့ပါတီ
# Kayin Peoples Party (K.P.P)
# ဖွဲ့စည်းပုံစည်းမျဉ်း

## နိဒါန်း

မြန်မာနိုင်ငံတော်တွင်မျက်မှောက်အခြေအနေအရအရေးကြီးသည့်လုပ်ငန်းရပ်များမှာနိုင်ငံရေးကျင့် စဉ်၊ အုပ်ချုပ်ရေးစနစ်နှင့်စီးပွားရေးပုံစံများကိုပြုပြင်ပြောင်းလဲရန်ဖြစ်သည်။ သို့သော်အရေးပေါ် အမျိုးသားအရေးမှာ နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူလူထုစားဝတ်နေမှုဖူလုံရေးများကိုအားသွန်ခွန်စိုက်စွမ်းအားအပြည့်အဝထည့်သွင်းထုဆောင်ရမည့်အချိန်အခါဖြစ်သည်။

ယခုအချိန်အခါတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်များဖြစ်သော လွတ်လပ်စွာလှုပ်ရှားစည်းရုံးခွင့်၊ လွတ်လပ်စွာဆွေးနွေးရေးသားခွင့်များသည်အမျိုးသားရေးဖြစ်သည့်တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ အချုပ်အခြာအာဏာတည်တံ့နိုင်မြဲမှု၊ လွတ်လပ်ရေးအခွန့်ရှည်မှုများကိုအဟန့်အတားဖြစ်လာနိုင်ဖွယ်ရှိသောကြောင့်အကန့်အသတ်ဖြင့်သာခွင့်ပြုရမည့်အခြေအနေရှိနေပါသည်။ အခြေအနေ အချိန်အခါပေါ် မူတည်၍ထိုကန့်သတ်ချက်များကို အဆင့်ဆင့်လျော့ချသွားနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအားပါတီစုံကျင့်စဉ်သို့ မဖြစ်မနေ မလွဲမသွေပြောင်းလဲရန် အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ) ခုနှစ်အရပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပရန်ရှိနေပါသည်။ ဤသို့ပြဌာန်းပြင်ဆင်ဆောင်ရွက်နေသည့်အချိန်အခါတွင် ယနေ့အမျိုးသားရေးလိုအပ်ချက်မှာအခြေခံဥပဒေတွင်ပြဌာန်းသည့်အတိုင်းပြည်သူလူထုမှအပြည့်အဝခံစားနိုင်ရေးပင်ဖြစ်သည်။

သို့ပါသောကြောင့် ၂၀၁၀ ခုနှစ်တွင်ပြုလုပ်မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ပါဝင်နိုင်ရန်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်ပြဌာန်းချက်များနှင့်အညီ ကရင်ပြည်သူ့ပါတီ(K.P.P) ကိုဖွဲ့စည်း၍ဝင်ရောက်ယှဉ်ပြိုင်ပြီး တိုင်းပြည်တွင်လိုအပ်နေသောဒီမိုကရေစီနိုင်ငံတော်ပေါ် ထွန်းလာရေးအတွက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## အခန်း ၁
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤပါတီဖွဲ့စည်းပုံစည်းမျဉ်းကို (ကရင်ပြည်သူ့ပါတီ) ဖွဲ့စည်းပုံစည်းမျဉ်းဟုခေါ် တွင်စေရမည်။

၂။ ပါတီ၏အမည်အားမြန်မာအမည် (ကရင်ပြည်သူ့ပါတီ)၊ ကရင်အမည် (ကညီ ကမျာ်ကရာ)၊ အင်္ဂလိပ်အမည် (Kayin Peoples Party) (K.P.P) ဟုလည်းကောင်းခေါ်တွင်စေရမည်။

၃။ . မြန်မာအတိုကောက် (က. ပ. ပ)၊ ကရင်အတိုကောက် (က. **ကႇ** က)၊ အင်္ဂလိပ်အတိုကောက် (ကေပီပီ) ဖြစ်သည်။

၄။ ကရင်ဟုခေါ် ဆိုရာတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှသတ်မှတ်ပေးသည့်ကရင်မျိုးနွယ်စု အားလုံးပါဝင်သည်။

၅။ ပြည်သူဟုခေါ် ဆိုရာတွင်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိပြည်ထောင်စုတိုင်းရင်းသာမျိုးနွယ်စု အားလုံးပါဝင်သည်။

၆။ ရုံးသုံးစာပေကို စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်-မြန်မာ-မွန်အက္ခရာစာပေကိုဒေသအခြေအနေအရသုံးစွဲရမည်။

မှတ်ချက်။ ။ အပိုဒ်(၂) အင်္ဂလိပ်အမည်တွင် Peoples ဟူ၍ဖော်ပြချက်မှာ နိုင်ငံရေးအဘိဓာန်ပါအရ Peoples ၏အဓိပ္ပါယ်မှာ popularity, common, grass root နှင့် working people ကိုကိုယ်စားပြုထားခြင်းဖြစ်ပါသည်။

## အခန်း ၂
## မျှော်မှန်းချက်၊ ပန်းတိုင်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက် တန်ဖိုးထားမှုနှင့်ယုံကြည်မှု

၇။ မျှော်မှန်းချက်။ လွတ်လပ်၍ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံတော်ဖြစ်လာစေရန်။

၈။ ပန်းတိုင်။ မြန်မာနိုင်ငံတော်အတွင်းနေထိုင်သည့်တိုင်းရင်းသားလူမျိုးအားလုံးတန်းတူညီတူ အခွင့်အရေးများရ ရှိပြီးဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကိုတင်းပြည့်ကျပ်ပြည့်ခံစားခွင့်ရရှိစေရန်။

၉။ ရည်ရွယ်ချက်။ ကရင်ပြည်သူ့ပါတီ (K.P.P) သည်အောက်ပါရည်ရွယ်ချက် (၆) ရပ်ဖြင့်ဖွဲ့စည်းတည်ထောင်ထားသောပါတီဖြစ်ပါသည်-

(က) ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လူတစ်ဦးချင်းစီ၏အရည်အသွေးတိုးတက်မြင့်မားရေးအတွက်ဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုစားဝတ် နေမှုဖူလုံရေးအတွက်လူတိုင်းစွမ်းရည်အလိုက်အလုပ်လုပ်နိုင်သည့်အခွင့်အလမ်းဖော်ဆောင်ရန်။

(ဂ) တရားမျှတသောလုပ်ခနှုန်း စီးပွားရေးစနစ်နှင့်လူ့အခွင့်အရေးများကိုဖော်ဆောင်ရန်။

(ဃ) တိုင်းရင်းသားမျိုးချစ်စိတ်ရှင်သန်ကြီးထွားရန်အတွက် မျိုးနွယ်စုအလိုက်ရိုးရာယဉ်ကျေးမှုစာပေ၊ အနုပညာ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုထုံးတမ်းဓလေ့များကို တန်ဖိုးထားစောင့်ရှောက်ထိန်းသိမ်းရန်။

(င) တိုင်းရင်းသားအချင်းချင်း ထုံးတမ်းစဉ်လာဓလေ့အရ ရိုးရာယဉ်ကျေးမှုများကိုအပြန်အလှန်တန်ဖိုးထားလေးစားတတ်ကြ၍ အချင်းချင်းစည်းလုံးညီညွတ်မှုနှင့်အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန်။

(စ) ကမ္ဘာ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခင်းအကျင်းမှာ ခေတ်ကာလအလိုက်ပြောင်းလဲနေမည်သာဖြစ်သောကြောင့် ကရင်ပြည်သူ့ပါတီ (K.P.P) ၏အမျိုးသားရေးခံယူချက်မှာလည်း ပြောင်းလဲနေသောအခြေအနေအရပ်ရပ်တွင်အကောင်းဆုံး ဟန်ချက်ညီစွာချဉ်းကပ်ဆောင်ရွက်သွားရန်။

၁၁။ တန်ဖိုးထားမှုနှင့်ယုံကြည်မှု

(က) Unity စည်းလုံးညီညွတ်ခြင်းသည်ခွန်အားဖြစ်သဖြင့် ကရင်မျိုးနွယ်စုအားလုံးစကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ခရစ်ယာန်ကရင်၊ ဗုဒ္ဓကရင်၊ နတ်စားကရင် မခွဲခြားဘဲ ကရင်အားလုံးစည်းလုံးညီညွတ်ရမည်။ ၎င်းအပြင်ပြည်ထောင်စုအတွင်း တိုင်းရင်းသားများအားလုံးစည်းလုံးညီညွတ်ရမည်။

(ခ) Peace (ငြိမ်းချမ်းရေး) နိုင်ငံတော်အတွင်းငြိမ်းချမ်းစွာနေထိုင်အလုပ်လုပ်ကိုင်ဆောင်ရွက်ရ

မည်။ ငြိမ်းချမ်းရေးရမှ ဖွံ့ဖြိုးတိုးတက်မည်။

(ဂ) Prosperity (ကြီးပွားချမ်းသာခြင်း) ကရင်မျိုးနွယ်စုအားလုံးတပြေးတညီကြီးပွားချမ်းသာမှု ရရှိရေးဆောင်ရွက်ရန်၊ ငြိမ်းချမ်းမှုမရှိလျှင်မည်သည့်အခါမျှဖွံ့ဖြိုးချမ်းသာတိုးတက်ခြင်းမရှိနိုင်ပါ။

(ဃ) Equality (တန်းတူအခွင့်အရေးရရှိမှု) နိုင်ငံတော်တွင်လူမျိုးမရွေး၊ ဘာသာမရွေး၊ နေထိုင်သူများတန်းတူညီမျှမှုရှိရမည်။ တန်းတူညီမျှမှုမရှိပါကမည်သည့်အခါမှ ငြိမ်းချမ်းရေးရှိမည်မဟုတ်ပါ။

(င) Justice (တရားမျှတခြင်း) တရားဥပဒေအရာတွင် ဥပဒေအရဆောင်ရွက်ပြီးတရားမျှတမှုရှိရေးဆောင်ရွက်ရမည်။

(စ) Righteousness (မှန်ကန်ဖြောင့်မှတ်ခြင်း) အမှန်တရားအပေါ် ရပ်တည်ပြီး အလုပ်လုပ်ရေး၊ အမှန်တရားရှိရေးဆောင်ရွက်ရမည်၊

(ဆ) Liberty (လွတ်လပ်မှု) မွေးရာပါလူ့အခွင့်အရေးပြည့်ဝစွာရရှိရေးနှင့်လွတ်လပ်မှုရှိရေးကိုဆောင်ရွက်ရမည်။

(ဇ) Loyalty (သစ္စာရှိခြင်း) လူမျိုးအပေါ် သစ္စာစောင့်သိမှုရှိရမည်။ နိုင်ငံတော်အပေါ် တွင်လည်း သစ္စာစောင့်သိရမည်။

(ဈ) Good Conscience or Good will စိတ်ကောင်းစေတနာရှိခြင်း၊ ကောင်းသောစိတ်ရှိခြင်း၊ မည်သည့်အလုပ်မျိုးမဆိုကောင်းသောစိတ်ခေတ်ထားပြီးလုပ်ဆောင်ရမည်။

(ည) Culture (ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်း) ကရင်လူမျိုးတစ်မျိုးအနေဖြင့်အဓွန့်ရှည်စွာရပ်တည်ရေး၊ ကရင်လူမျိုးမပျောက်ပျက်စေရန်ကရင်ရိုးရာယဉ်ကျေးမှုကိုဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။

(ဋ) Courage စိတ်ဓါတ်ခွန်အား၊ ကာယခွန်အား၊ သတ္တိရှိခြင်း၊ မိမိ၏ယုံကြည်မှုအတွက်ရပ်တည်ရာတွင်ခွန်အားသတ္တိရှိရမည်။

(ဌ) Flexibility မည်သည့်ကိစ္စမဆိုတရားသေစွဲကိုင်မှုမရှိဘဲ အရှိကိုအရှိအတိုင်းမြင်ပြီးလက်တွေ့ကျကျဆောင်ရွက်ရမည်။

(ဍ) Trust Building တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရန်အဓိကကျသောအချက်မှာ ယုံကြည်မှု၊ တစ်ဦးနှင့်တစ်ဦးလေးစားမှုပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးယုံကြည်မှုမရှိဘဲ သံသယဖြစ်နေကြလျှင် မည်သည့်အခါမျှစည်းလုံးညီညွတ်မည်မဟုတ်ပါ။

## အခန်း ၃
## လမ်းစဉ်များနှင့်မူဝါဒများ

၁၂။ **နိုင်ငံရေးမူဝါဒ**။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်မြန်မာနိုင်ငံတော်နှင့်ကိုက်ညီသောဒီမိုကရေစီစနစ်သို့ကူးပြောင်းသွားရန်။

၁၃။ **နိုင်ငံခြားရေးမူဝါဒ**။ လွတ်လပ်၍တက်ကြွသောဘက်မလိုက်သည့်နိုင်ငံခြားရေးမူဝါဒကိုယုံကြည်သည်။

၁၄။ **စီးပွားရေးမူဝါဒ**။ နိုင်ငံတော်အစိုးရမှထိုက်သင့်သည့်အပိုင်းတွင်ပါဝင်သည့်ဈေးကွက်စီးပွားရေးစနစ်ကိုယုံကြည်သည်။

၁၅။ **ပညာရေးစနစ်**။ အလယ်တန်းအထိအခမဲ့ပညာရေးစနစ်ဖြစ်ပြီးအလုပ်ခွင်အထိစဉ်ဆက်မပြတ်ပညာ

ရေးစနစ်ကိုလက်ခံသည်။

၁၆။ **လယ်သမားနှင့်အလုပ်သမားအရေး။** လယ်သမားနှင့်အလုပ်သမားများသည်အလယ်အလတ်တန်းစားအထိတက်လှမ်းနိုင်ရန်စီမံဆောင်ရွက်ပြီးၾ၎င်းတို့၏ အခွင့်အရေးများကိုနိုင်ငံတော်မှအလေးထားဆောင်ရွက်ရန်။

၁၇။ **တပ်မတော်၏အခန်းကဏ္ဍ။** တပ်မတော်သည်နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းရပ်များတွင်အဓိကအခန်းကဏ္ဍတွင်ပါဝင်ဆောင်ရွက်ပြီးပြည်သူ့အာဏာကိုအဆင့်ဆင့်လွှဲပြောင်းခြင်းတွင်စိတ်ကောင်းစေတနာဖြင့်ကူညီဆောင်ရွက်ရမည်။

## အခန်း ၄
## ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်းနှင့်ရပ်စဲခြင်း

၁၈။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါကလူမျိုးမရွေး ဘာသာမရွေး ကျား/မ မရွေးပါတီဝင်အဖြစ်လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း
(ခ) အသက် (၁၈) ပြည့်ပြီးသူဖြစ်ခြင်း
(ဂ) ရူးသွပ်သူမဟုတ်ခြင်း
(ဃ) တည်ဆဲဥပဒေအရအရေးယူခံရသူမဟုတ်ခြင်း
(င) ပါတီဝင်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း
(စ) နှစ်စဉ်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း

၁၉။ **ပါတီဝင်အဖြစ်နုတ်ထွက်ခြင်းနှင့်ပြန်လည်လျှောက်ထားခြင်း**

(က) မိမိသဘောအလျှောက်ပါတီဝင်အဖြစ်မှနုတ်ထွက်လိုပါက နုတ်ထွက်ခွင့်လျှောက်ထားနိုင်သည်။
(ခ) ပါတီမှနုတ်ထွက်ပြီးတဖန်ပြန်၍ပါတီဝင်လိုလျှင် ပါတီဝင်လျှောက်လွှာအသစ်တင်သွင်း၍လျှောက်ထားနိုင်သည်။

၂၀။ **ပါတီဝင်အဖြစ်ရပ်စဲခြင်း ။** အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင်ပါတီဝင်အဖြစ်ရပ်စဲခြင်းခံရမည်-

(က) နိုင်ငံတော်အစိုးရသတ်မှတ်ထားသည့်ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်၍တရားရုံးကပြစ်မှုထင်ရှားသဖြင့်ပြစ်ဒဏ်တစ်ရပ်ရပ်အစီရင်ခံနေရသူဖြစ်ခြင်း။
(ခ) ပါတီပိုင်ငွေကြေး(သို့)ပစ္စည်းများကိုအလွဲသုံးစားပြုကြောင်းစုံစမ်းစစ်ဆေးအရေးယူခံရသူဖြစ်ခြင်း။
(ဂ) ပါတီ၏လုပ်ငန်းဆောင်တာများကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း။
(ဃ) ပါတီ၏အမည်နှင့်တံဆိပ်တို့ကိုအလွဲသုံးစားပြုလုပ်ခြင်း။
(င) ဗဟိုကော်မတီနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ဂုဏ်သိက္ခာကိုထိခိုက်ညိုးနွမ်းစေရန်ပြုမူဆောင်ရွက်ခြင်း။
(စ) ပါတီ၏စည်းလုံးညီညွတ်မှုကိုထိခိုက်ပျက်ပြားစေခြင်းနှင့်စိတ်ဓါတ်ပျက်ပြားအောင်တစ်နည်းနည်းနှင့်ပြုမူဆောင်ရွက်ခြင်း။
(ဆ) ပေးအပ်သောတာဝန်ဝတ္တရားများကို ဆန့်ကျင်သောသဘောဖြင့်အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခြင်း။
(ဇ) သေဆုံးခြင်း။

(ဈ) အခြားသောနိုင်ငံရေးပါတီတစ်ရပ်ရပ်တွင်အသင်းဝင်ဖြစ်ခြင်း။

၂၁။ **ပါတီဝင်ကြေးနှင့်နှစ်စဉ်ကြေး** ။ ပါတီဝင်ခြင်းနှင့်နှစ်စဉ်ကြေးမှာပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီမှသတ်မှတ်သည့်အတိုင်းဖြစ်သည်။ ပါတီဝင်ကြေးနှင့်နှစ်စဉ်ကြေးကိုဗဟိုကော်မတီအစည်းအဝေးမှအခါအားလျော်စွာပြင်ဆင်သတ်မှတ်နိုင်သည်။

၂၂။ **ပါတီဝင်အဖြစ်အသိအမှတ်ပြုခြင်း** ။ ပါတီဝင်လိုသူတစ်ဦးသည်ပါတီဌာနချုပ်တွင်ဖြစ်စေ သက်ဆိုင်ရာပြည်နယ် တိုင်းနှင့်မြို့နယ်များတွင်ဖြစ်စေ၊ အပိုဒ်( ၁၈ )အရသတ်မှတ်ထားသည့်အရည်အချင်းနှင့်ပြည့်စုံပါကပါတီဝင်အဖြစ်လျှောက်ထားနိုင်သည်။ ပြည်နယ်၊ တိုင်းနှင့်မြို့နယ် ပါတီဝင်သူများစာရင်းကိုဗဟိုသို့ထောက်ခံတင်ပြ၍ဗဟိုမှစိစစ်ပြီးပါတီဝင်အဖြစ်အသိအမှတ်ပြုကဒ်ပြားထုတ်ပေးရမည်။

၂၃။ **ဆုံးဖြတ်ချက်ပေးခြင်း**။ ပါတီဝင်ဖြစ်ခြင်း၊ ပါတီဝင်အဖြစ်မှရပ်စဲခြင်းနှင့်ပါတီဝင်အဖြစ်ပြန်လည်လက်ခံခြင်းတို့ကိုဗဟိုအလုပ်အမှုဆောင်ကော်မတီကဆုံးဖြတ်၍ အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူရမည်။

၂၄။ **အယူခံခြင်းနှင့်အတည်ပြုခြင်း**။ အပိုဒ်( ၂၀ )အရပါတီဝင်အဖြစ်မှရပ်စဲခြင်း ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါက ယင်းဆုံးဖြတ်ချက်လက်ခံရရှိသည့်နေ့မှစ၍ရက်ပေါင်း(၃၀)အတွင်းဗဟိုကော်မတီသို့အယူခံနိုင်သည်။ အယူခံသည့်ကိစ္စနှင့်စပ်လျဉ်း၍ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း ၅
## ဖွဲ့စည်းပုံအဆင့်ဆင့်

၂၅။ **နာယကအဖွဲ့**။ နာယကအဖွဲ့ကိုအဖွဲ့ဝင်(၅)ဦးဖြင့်ဖွဲ့စည်းပြီးအဖွဲ့ဝင်တစ်ဦးမှအဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူဆောင်ရွက်မည်။(လိုအပ်သည့်အခါမှသာဖွဲ့စည်းရန်)

၂၆။ **ဗဟိုကော်မတီနှင့်ဗဟိုအလုပ်ဆောင်ကော်မတီ**။ ဗဟိုကော်မတီနှစ်ပတ်လည်အစည်းအဝေးမှပါတီဝင်ဦးရေ(၃၀)ဦးအထိရွေးချယ်တာဝန်ပေးနိုင်သည်။ ဗဟိုကော်မတီဝင်များကို ပါတီဝင်များထဲမှရွေးချယ်တင်မြှောက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုဗဟိုကော်မတီများထဲမှအောက်ဖော်ပြပါအတိုင်းရွေးချယ်ဖွဲ့စည်းရမည်-

| | | ဦးရေ |
|---|---|---|
| (က) | ဥက္ကဋ္ဌ | ၁ |
| (ခ) | ဒုဥက္ကဋ္ဌ(၁) | ၁ |
| (ဂ) | ဒုဥက္ကဋ္ဌ(၂) | ၁ |
| (ဃ) | ဒုဥက္ကဋ္ဌ(၃) | ၁ |
| (င) | ဒုဥက္ကဋ္ဌ(၄) | ၁ |
| (စ) | အထွေထွေအတွင်းရေးမှူး | ၁ |
| (ဆ) | တွဲဘက်အထွေထွေအတွင်းရေးမှူး | ၁ |
| (ဇ) | အတွင်းရေးမှူး(၁) | ၁ |
| (ဈ) | အတွင်းရေးမှူး(၂) | ၁ |
| (ည) | အတွင်းရေးမှူး(၃) | ၁ |
| (ဋ) | အတွင်းရေးမှူး(၄) | ၁ |
| (ဌ) | ဘဏ္ဍာရေးမှူး | ၁ |
| (ဍ) | စာရင်းကိုင် | ၁ |
| (ပ) | စာရင်းစစ် | ၁ |
| (ဏ) | အဖွဲ့ဝင်များ။ တိုင်းနှင့်ပြည်နယ်အဆင့် | |

၃၁။ **ဦးဆောင်နာယက။** ပါတီမှအနားယူသွားသောဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌများသည်ဦးဆောင်နာယကများအလိုအလျောက်ဖြစ်သည်။ ပါတီမှအနားယူသွားသောကော်မတီဝင်များထဲမှဦးဆောင်နာယကအဖြစ်ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်နိုင်သည်။ တိုင်းနှင့်ပြည်နယ်နှင့်မြို့နယ်အဆင့်နာယကများကိုလည်းအထက်ပါအတိုင်းရွေးချယ်ရမည်။

၃၂။ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ပါတီကျေးရွာ၊ ရပ်ကွက်အဆင့်စည်းရုံးရေးကော်မတီများဖွဲ့စည်းရာတွင်လိုအပ်သောအမှုဆောင်အဖွဲ့ဝင်များကိုဒေသအခြေအနေနှင့် လိုအပ်ချက်အရ ဗဟို၏သဘောတူညီချက်ရယူ၍ကော်မတီများကိုတိုးချဲ့ဖွဲ့စည်းနိုင်သည်။

၃၃။ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ပါတီကျေးရွာများ၏ နှစ်ပါတ်လည်အစည်းအဝေးကိုတစ်နှစ်လျှင်တစ်ကြိမ်ခေါ်ယူကျင်းပရမည်။ အလုပ်အမှုဆောင်ကော်မတီက လိုအပ်၍တင်ပြတောင်းခံလာပါကအရေးပေါ် (သို့) အထူးအစည်းအဝေးကိုခေါ်ယူကျင်းပပေးရမည်။ နှစ်ပါတ်လည်အစည်းအဝေးသို့အစီရင်ခံစာကိုရုံးချုပ်သို့တင်ပြရမည်။

၃၄။ နှစ်ပါတ်လည်အစည်းအဝေးမတိုင်မီ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျေးရွာအုပ်စု၊ ရပ်ကွက်၏အလုပ်အမှုဆောင်ကော်မတီဝင်များလစ်လပ်မှုရှိပါက သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပါတီဝင်များထဲမှသင့်တော်သူကိုအစားထိုးပေးအပ်လိုပါက ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့အစားထိုးတာဝန်ပေးအပ်ခြင်းကိုဗဟိုသို့တင်ပြရမည့်အပြင် အနီးဆုံးနှစ်ပါတ်လည်အစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူရမည်။

၃၅။ **လုပ်ငန်းကော်မတီ၊ လုပ်ငန်းခွဲကော်မတီဖွဲ့စည်းခြင်း။** အဆင့်ဆင့်သောပါတီများ၊ အလုပ်အမှုဆောင်ကော်မတီများသည်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက်လိုအပ်သောလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စီမံကိန်းကြီးကြပ်ရေးအဖွဲ့၊ လေ့ကျင့်ပညာပေးရေးအဖွဲ့၊ အမျိုးသမီးရေးရာ၊ လူငယ်ရေးရာ၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ သတင်းနှင့်ပြန်ကြားရေးအဖွဲ့ အစရှိသောလုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲကော်မတီတို့ကိုလိုအပ်သလို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ဦးရေအနည်းဆုံး(၃)ဦးမှ အများဆုံး(၅)ဦးအထိလုပ်ငန်းပမာဏပေါ်မူတည်၍ဖွဲ့စည်းနိုင်သည်။ ထိုသို့တာဝန်ပေးအပ်ထားသောလုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲကော်မတီတို့သည် လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာကို မိမိတို့အားဖွဲ့စည်းတာဝန်ပေးထားသည့်အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြအစီရင်ခံရမည်၊

၃၆။ ယင်းလုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲကော်မတီများအားဖြစ်နိုင်ပါက သက်ဆိုင်ရာပါတီအလုပ်အမှုဆောင်ကော်မတီဝင်များဖြင့်ဖွဲ့စည်းရမည်။ အကယ်၍အလုပ်အမှုဆောင်ကော်မတီဝင်များအနေဖြင့် များပြားသောတာဝန်များထမ်းဆောင်နေရ၍တာဝန်ပေးအပ်ရန်အခက်အခဲဖြစ်ပေါ်နေပါကဦးဆောင်ဦးရွက်ပြုလုပ်ရမည်။ ဥက္ကဋ္ဌတစ်ဦးကိုသာအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးမှ ဦးဆောင်စေပြီးကျန်ကော်မတီဝင်များကိုပါတီဝင်များထဲမှသင့်တော်သည့်ပုဂ္ဂိုလ်များအားတာဝန်ပေးဖွဲ့စည်းရမည်၊

၃၇။ အလုပ်အမှုဆောင်ကော်မတီသည် ဆိုပါဖွဲ့စည်းပေးထားသည့်လုပ်ငန်းကော်မတီများ၏အကောင်အထည် ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့်နှင့်လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၃၈။ လုပ်ငန်းကော်မတီ၊ လုပ်ငန်းခွဲကော်မတီသည်သီးခြားဆောင်ရွက်ရန်သတ်မှတ်ထားသည့်လုပ်ငန်းအလိုက်ဆောင်ရွက်ရာတွင်သတ်မှတ်ထားသည့်လုပ်ငန်းအလိုက်သက်ဆိုင်ရာပါတီ၏ အလုပ်အမှုဆောင်ကော်မတီကိုတာဝန်ခံရမည်။

၃၉။ လုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲကော်မတီတို့၏သက်တမ်းသည် ၎င်းတို့၏မူလလုပ်ငန်းအကောင်အထည်ဖော်ပြီးသည့်အထိ(သို့)ဆက်လက်ဆောင်ရွက်ရန်မလိုအပ်တော့သည့်အချိန်အထိဖြစ်သည်။ လိုအပ်ပါကအချိန်ကာလသတ်မှတ်ပေးရမည်။

## အခန်း ၆
## ရွေးချယ်တင်မြှောက်ခြင်း

၄၀။ **ရွေးကောက်တင်မြှောက်ပုံအဆင့်ဆင့်။** ခေါင်းဆောင်များရွေးချယ်ရာတွင်ထားရှိရမည့်အခြေခံမူများကိုအောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

(က) နိုင်ငံရေးအတွေးအခေါ်ရှိရမည်။
(ခ) အမျှော်အမြင်ရှိသူဖြစ်ရမည်။
(ဂ) အများပြည်သူမှယုံကြည်ကိုးစားမှုရှိသူဖြစ်ရမည်။
(ဃ) တွေဝေခြင်းမရှိဘဲဆုံးဖြတ်ချက်ကိုပြတ်သားစွာဆုံးဖြတ်နိုင်သူဖြစ်ရမည်။
(င) စာရိတ္တကောင်းမွန်သူဖြစ်ရမည်

၄၁။ **ရွေးချယ်တင်မြှောက်ခြင်းလုပ်ထုံးလုပ်နည်းများကိုပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့မှသီးခြားညွှန်ကြားထုတ်ပြန်မည်-**

## အခန်း ၇
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄၂ **ဗဟိုကော်မတီ။** ဗဟိုကော်မတီသည်အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ဗဟိုကော်မတီ၏ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့်အတွင်းရေးမှူးများကို ရွေးချယ်တင်မြှောက်ခြင်း။
(ခ) ပါတီ၏မူဝါဒကိုချမှတ်ခြင်း။
(ဂ) ပါတီနှင့်ဆိုင်သောကိစ္စရပ်များကိုလမ်းညွှန်ခြင်း။
(ဃ) ပါတီဝင်များလိုက်နာရမည့်စည်းကမ်းများနှင့်ကျင့်ဝတ်များကိုသတ်မှတ်ခြင်း။
(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကိုရွေးချယ်ခြင်းနှင့်ပါယ်ဖျက်ခြင်း ။
(စ) အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကိုဆောင်ရွက်ကြသည့် အခြားပါတီများနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင်လမ်းညွှန်ခြင်း။
(ဆ) ပါတီရန်ပုံငွေများနှင့်ပါတီပိုင်ပစ္စည်းများကိုအကျိုးရှိစွာအသုံးပြုရန်လမ်းညွှန်ခြင်း။
(ဇ) ပါတီ၏ရည်မှန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာ၌နေရာ၊ ဒေသလိုအပ်ချက်အရပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ကျေးရွာ၊ ရပ်ကွက်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အလုပ်အမှုဆောင်ကော်မတီအားတာဝန်ပေးလမ်းညွှန်ရမည်။
(ဈ) ဗဟိုကော်မတီသည်တင်သွင်းလာသော အယူခံမှုများကိုဆုံးဖြတ်ရမည်။

၄၃။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီ။** ဗဟိုအလုပ်အမှုဆောင်ကော်မတီသည်အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ဗဟိုကော်မတီ(၆)လပါတ်၊ နှစ်ပါတ်လည်နှင့်အရေးပေါ်(သို့)အထူးအစည်းအဝေးများခေါ်ယူကျင်းပပေးရမည်။
(ခ) ဗဟိုကော်မတီ(၆)လပါတ်၊ နှစ်ပါတ်လည်အစည်းအဝေး၊ အထူးအစည်းအဝေး(သို့)အရေးပေါ်အစည်းအဝေးများကျင်းပချိန်မဟုတ်သည့်အခါများ၌ဗဟိုကော်မတီ၏တာဝန်ဝတ္တရားများကိုတာဝန်ခံဆောင်ရွက်ရမည်။
(ဂ) ဗဟိုကော်မတီကချမှတ်ထားသောရည်မှန်းချက်နှင့်ဦးတည်သည့်လုပ်ငန်းစဉ်များကိုဆောင်

ချက်ရာ၌လိုအပ်သည့်လုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲများဖွဲ့စည်းနိုင်သည်။

(ယ) ပါတီအတွက်လိုအပ်သောရန်ပုံငွေများရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေသုံးစွဲခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့်ဖြန့်ဖြူးခြင်း၊ ပယ်ဖျက်ခြင်း စသည့်စီမံခန့်ခွဲမှုလုပ်ငန်းများကိုလိုအပ်သလိုဆောင်ရွက်ရမည်။

(င) ဗဟိုကော်မတီကအခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကိုဆောင်ရွက်ရမည်။

(စ) ကော်မတီဝင်များအားလုပ်ငန်းအဖွဲ့ငယ်များအလိုက် သီးသန့်တာဝန်ခွဲဝေပေးထားသော်လည်းလုပ်ငန်းအားလုံးသည် ပါတီတာဝန်များ၊ လုပ်ရှားမှုများဖြစ်သဖြင့်အားလုံးကပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ရမည်။

(ဆ) နာယကများသည်ပါတီ၏လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့်လမ်းညွှန်မှုများပေးနိုင်သည်။

၄၄။ **တာဝန်ဝတ္တရားများ။** ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဆင့်ဆင့်၏တာဝန်မှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌ

(၁) K.P.P ပါတီ၏လုပ်ငန်းကိစ္စအဝဝကိုခေါင်းဆောင်မှုပေးရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏အစည်းအဝေးများကိုပုံမှန်ခေါ်ယူကျင်းပပြုလုပ်ရမည်။

(၃) K.P.P ၏လုပ်ငန်းကိစ္စရပ်များကိုအမှုဆောင်အဖွဲ့ဝင်များနှင့်ညှိနှိုင်းဆွေးနွေးအဆုံးအဖြတ်ပေးရမည်။

(ခ) ဒုဥက္ကဋ္ဌများ

(၁) ဥက္ကဋ္ဌများ၏လုပ်ငန်းတာဝန်များကိုကူညီဆောင်ရွက်ရမည်။

(၂) ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ဥက္ကဋ္ဌကိုယ်စားတာဝန်ယူဆောင်ရွက်ရမည်။

(၃) အကြောင်းတစ်ခုခုကြောင့် ဥက္ကဋ္ဌမရှိသည့်အခါများတွင် ဥက္ကဋ္ဌကိုယ်စားအလှည့်ကျတာဝန်ယူဆောင်ရွက်ရမည်။

(၄) ဒုဥက္ကဋ္ဌသည် ဥက္ကဋ္ဌအားတာဝန်ခံရမည်။

(ဂ) အထွေထွေအတွင်းရေးမှူးများ

(၁) ဥက္ကဋ္ဌနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

(၂) ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရအစည်းအဝေးများခေါ်ယူခြင်းမှတ်တမ်းများရေးသားထားရှိခြင်းများဆောင်ရွက်ရမည်။

(၃) ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့်အစီရင်ခံစာများရေးသား၍ သက်ဆိုင်ရာသို့ပေးပို့ရမည်၊

(၄) စာရွက်စာတမ်းနှင့်စာအုပ်များ၊ အသင်းပိုင်ပစ္စည်းများကိုစနစ်တကျတာဝန်ယူထိန်းသိမ်းရမည်။

(၅) အစည်းအဝေးဆုံးဖြတ်ချက်အရဆောင်ရွက်ရသည့်တာဝန်များကိုအချိန်မီအရေးယူဆောင်ရွက်ရမည်။

(၆) ပါတီ၏လုပ်ငန်းကိစ္စအဝဝတို့နှင့်ပါတ်သက်၍စာတမ်းများရယူစုဆောင်းပြီးအချိန်နှင့်တပြေးညီ ဥက္ကဋ္ဌသို့တင်ပြရမည်။

(၇) ပါတီမှပြောရေးဆိုခွင့်ရှိသူဖြစ်သော ဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌ(မူဝါဒ)အပြင်၎င်းတွင်ပြောရေးဆိုခွင့်ရှိသည်။

(ဃ) အတွင်းရေးမှူးများ

(၁) ဒုဥက္ကဋ္ဌများ၏လုပ်ငန်းတာဝန်များကိုကူညီဆောင်ရွက်ရမည်။

(၂) အမှုဆောင်အဖွဲ့ကပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

(၃) အတွင်းရေးမှူးများသည် ဒုဥက္ကဋ္ဌများအားတာဝန်ခံရမည်။

(၄) ဒုဥက္ကဋ္ဌနှင့်အထွေထွေအတွင်းရေးမှူးလုပ်ငန်းများကိုကူညီဆောင်ရွက်ရမည်။

(၅) ပါတီအလုပ်အမှုဆောင်အဖွဲ့၏သဘောတူဆုံးဖြတ်ချက်ဖြင့်သာပြောဆိုဆောင်ရွက်ရမည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်ဆောင်ခွင့်မရှိစေရ။

(င) **ဘဏ္ဍာရေးမှူး။** အသင်း၏ရံပုံငွေများနှင့်စပ်လျဉ်း၍ဗဟိုအလုပ်အမှုဆောင်ကော်မတီကသတ်မှတ်ထားသောလုပ်ထုံး လုပ်နည်းများအရထိန်းသိမ်းဆောင်ရွက်ရမည်။

(စ) **စာရင်းစစ်။** အသင်း၏ငွေစာရင်းနှင့်ပစ္စည်းစာရင်းများနှင့်ပါတ်သတ်၍ဗဟိုအလုပ်အမှုဆောင်ကော်မတီကသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများအရဆောင်ရွက်ရမည်။

(ဆ) **စာရင်းကိုင်။** စာရင်းအင်းများကိုစနစ်တကျရေးသွင်း မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။

(ဇ) **ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**

(၁) ပါတီလုပ်ငန်းများအတွက်ကျင်းပသောအစည်းအဝေးများကိုတက်ရောက်ရမည်။

(၂) ပါတီ၏တိုးတက်ရာ တိုးတက်ကြောင်းအတွက်အမြဲမပြတ်ကြံဆ၍အကြံဉာဏ်များပေးရမည်။

(၃) ပါတီကပေးအပ်သောတာဝန်များကိုလိုက်နာဆောင်ရွက်ရမည်။

၄၅။ **ဗဟိုကော်မတီနှင့်ဗဟိုတိုင်း၊ ပြည်နယ်၊ မြို့နယ်နှင့်ပါတီကျေးရွာရပ်ရွာအလုပ်အမှုဆောင်ကော်မတီအဖြစ်မှရပ်စဲခြင်း။** ဗဟိုကော်မတီဝင်၊ ဗဟိုနှင့်ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ကျေးရွာတို့၏ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးသည်အောက်ဖော်ပြပါအကြောင်းများကြောင့်တာဝန်ဝတ္တရားများမှအလိုအလျောက်ရပ်စဲသည်-

(က) အမှုဆောင်ကော်မတီဝင်များ၏သက်တမ်းစေ့ခြင်း။

(ခ) အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ်မှနုတ်ထွက်ခြင်း။

(ဂ) အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်မှအပိုဒ်( ၂၀ )အရရပ်စဲခြင်းခံရခြင်း။

၄၆။ **အစည်းအဝေးကျင်းပခြင်း။** တိုင်း၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် အဆင့်ပါတီ၏အလုပ်အမှုဆောင်အစည်းအဝေးကိုအောက်ပါအတိုင်းကျင်းပပေးရမည်-

(က) အလုပ်အမှုဆောင်ကော်မတီသည် ပုံမှန်အစည်းအဝေးကိုတစ်လတစ်ကြိမ်ပြုလုပ်ရမည်။

(ခ) အလုပ်အမှုဆောင်ကော်မတီ၏ အထူးအစည်းအဝေးနှင့်အရေးပေါ် အစည်းအဝေးကိုလိုအပ်သလိုဥက္ကဋ္ဌကခေါ်ယူနိုင်သည်။

(ဂ) အလုပ်အမှုဆောင်ကော်မတီ၏အစည်းအဝေးထမြောက်ရန် လိုအပ်သောဦးရေသည်လက်ရှိကော်မတီဝင်ဦးရေ၏ထက်ဝက်အနည်းဆုံးဖြစ်ရမည်။

(ဃ) အလုပ်အမှုဆောင်ကော်မတီဝင်များနှင့်ဖွဲ့စည်းထားသောလုပ်ငန်းကော်မတီနှင့်လုပ်ငန်းခွဲကော်မတီများသည်မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များကိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးများတွင်တင်ပြရမည်။

## အခန်း ၈

## ဘဏ္ဍာရေး

၄၇။ ဗဟို၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မတီအသီးသီးတို့သည်-

(က) မိမိရန်ပုံငွေဖြင့်ရပ်တည်ရမည်။

(ခ) ငွေစာရင်းများကိုစနစ်တကျရှိစေရေးအတွက်ဘဏ္ဍာရေးအဖွဲ့ထားရှိထိန်းသိမ်းရမည်။

(ဂ) ရံပုံငွေရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲ၍ရယူခြင်း၊ ပါယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင်သတ်မှတ်ထားသည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။

(ဃ) ဘဏ္ဍာရေးနှစ်အတွင်းရငွေ၊ သုံးငွေစာရင်းများကိုငွေစာရင်းရှင်းတမ်းရေးဆွဲပြုစုခြင်း၊ စာရင်းစစ်အဖွဲ့သို့စစ်ဆေးမှုပြုနိုင်ရန်တင်ပြခြင်း၊ စာရင်းစစ်အဖွဲ့မှစစ်ဆေးပြီးနှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုနှစ်ပါတ်လည်အစည်းအဝေးများသို့ တင်ပြအတည်ပြုခြင်း။

(င) ပြည်တွင်းအလှူရှင်အဖွဲ့အစည်း တစ်ရပ်ရပ်၏ အထောက်အပံ့ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သောစီမံချက်ဝင်လုပ်ငန်းများ၏ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပေးရမည်။

၄၈။ **ဘဏ္ဍာရေးနှစ်။** ဗဟို၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအသီးသီးတို့၏ဘဏ္ဍာရေးနှစ်သည် ဧပြီလ(၁)ရက်နေ့မှနောက်တစ်နှစ် မတ်လ(၃၁)ရက်နေ့အထိဖြစ်သည်။

၄၉။ **ပါတီဝင်ကြေးနှင့်လစဉ်ကြေး**

(က) ပါတီဝင်ကြေးကိုတစ်ယောက်(၁၀၀၀)ကျပ်

(ခ) ပါတီဝင်လစဉ်ကြေးကိုတစ်လလျှင်(၅၀၀)ကျပ်

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏မတည်ရင်းနှီးငွေကိုအောက်ပါအတိုင်းသတ်မှတ်သည်-

| | | ဗဟို | တိုင်း | မြို့နယ် |
|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | ၁သိန်း | ၅၀၀၀၀ | ၄၀၀၀၀ |
| (၂) | ဒုဥက္ကဋ္ဌ | ၇၅၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ |
| (၃) | အတွင်းရေးမှူး | ၇၅၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| (၄) | ဘဏ္ဍာရေးမှူး | ၅၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| (၅) | အဖွဲ့ဝင် | ၄၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ |

မှတ်ချက်- စေတနာထက်သန်သူများပိုမိုထည့်ဝင်နိုင်ပါသည်။

၅၀။ **ဘဏ္ဍာငွေကောက်ခံခြင်း။** ရပ်ကွက်နှင့်ကျေးရွာအဖွဲ့ဝင်များမှကောက်ခံရရှိသောဘဏ္ဍာငွေများကို ရပ်ကွက်၊ ကျေးရွာအတွက် ၅၀% သုံးစွဲကာ ကျန် ၅၀% ကိုမြို့နယ်သို့ပေးပို့ရမည်။

၅၁။ မြို့နယ်အတွင်းကောက်ခံရရှိသောဘဏ္ဍာငွေနှင့်ရပ်ကွက်၊ ကျေးရွာမှပေးပို့သောဘဏ္ဍာငွေ၏၅၀% ကို မြို့နယ်အတွက် ၅၀%သုံးစွဲပြီးကျန် ၅၀%ကိုသက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အသီးသီးသို့ပေးပို့ရမည်။

၅၂။ တိုင်းနှင့်ပြည်နယ်မှကောက်ခံရရှိသောဘဏ္ဍာငွေနှင့်မြို့နယ်မှပေးပို့သောဘဏ္ဍာငွေ၏ ၅၀%ကိုတိုင်းနှင့်ပြည်နယ်အတွင်းသုံးစွဲပြီးကျန် ၅၀%ကိုဗဟိုအဖွဲ့သို့ပေးပို့ရမည်။

၅၃။ **ဘဏ္ဍာငွေသုံးစွဲခြင်း။** ဘဏ္ဍာငွေကိုစာရင်းစနစ်တကျထားပြီးသုံးစွဲရမည်။ အနည်းဆုံး ဥက္ကဋ္ဌအတွင်းရေးမှူးနှင့်ဘဏ္ဍာရေးမှူး (၃)ဦး၏သဘောတူညီမှုဖြင့်အောက်ပါခေါင်းစဉ်များအရသုံးရမည်-

(က) ရုံးသုံးပရိဘောဂ စာရေးကိရိယာ ရုံးသုံးပစ္စည်းများ

(ခ) တရားဝင်ကျင်းပသောအစည်းအဝေးများအတွက် ကျွေးမွေးဧည့်ခံစရိတ်

(ဂ) တာဝန်အရခရီးသွားလာစရိတ်

(ဃ) အချိန်ပြည့်ရုံးဝန်ထမ်းများနှင့်အတွင်းရေးမှူးများထောက်ပံ့ကြေး

(င) အမှန်တကယ်လိုအပ်သောအခြားအသုံးစရိတ်များ

(စ) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့်အထွေထွေအတွင်းရေးမှူးများ၏အရေးပေါ်သုံးစွဲရန်ဘဏ္ဍာငွေကိုဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်အရထုတ်ပေးရမည်။

(ဆ) ဘဏ္ဍာငွေသုံးစွဲခွင့်အာဏာကို သီးခြားသတ်မှတ်ပေးရမည်။ အရေးပေါ်ပိုမိုသုံးစွဲငွေများရှိပါကအနီးစပ်ဆုံးအလုပ်အမှုဆောင်အစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း ၉
## ပါတီ၏အလံနှင့်အမှတ်တံဆိပ်
## ပါတီ၏သင်္ကေတအမှတ်တံဆိပ်

၃၄။ **ပါတီ၏အမှတ်တံဆိပ်** မှာကရင်ဖားစည်၏မျက်နှာပြင်ကိုယူထားခြင်းဖြစ်သည်။ ကရင်ဖားစည်သည် သမိုင်းတစ်လျှောက်တွင်ကရင်ဘိုးဘေးများမှ အစဉ်တွယ်တာမြတ်နိုးစွာထိန်းသိမ်းထားသောရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည်။ ဖားစည်မျက်နှာပြင်ပေါ်ရှိဖားများသည် အေးမြသည့်ရေမျက်နှာပြင်ပေါ်တွင်ပျော်ရွှင်မြူးတူးစွာဆော့ကစားနေသကဲ့သို့ ကရင့်ဘဝဓလေ့သည်အေးချမ်းစည်ပင်ဝပြောခြင်းကိုဖေါ်ညွှန်းပါသည်။ အလယ်ရှိကြယ်ပုံသဏ္ဌာန်နှင့်ဖြာထွက်နေသည့်အလင်းတန်းမှာ အလင်းရောင်၏အတားအဆီးမရှိထိုးဖောက်ပျံ့နှံ့နိုင်သကဲ့သို့ ကရင်လူမျိုးတို့၏ဘုန်းသဘင်နှင့်ကျော်ကြားမှုမှာအတိုင်းအဆမရှိပေါ်ထွန်းနေခြင်းဖြစ်ပါသည်။

၃၅။ **ပါတီ၏အလံ၊ အတိုင်းအတာနှင့်အရောင်။** ပါတီအလံ၏အလယ်ဗဟိုတွင်ကရင်ဖားစည်ကို ထည့်သွင်းထားပါသည်။ ကရင်ဖားစည်သည်သမိုင်း တလျှောက်တွင်ကရင်ဘိုးဘေးများမှ အစဉ်တစိုက်တွယ်တာမြတ်နိုးစွာ ထိန်းသိမ်းထားသောရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ပါသည်။ ဘိုးဘေးများ၏အမွေအနှစ်ကိုထိန်းသိမ်းမြတ်နိုးတတ်သည့် ကရင်ဘဝဓလေ့အစစ်အမှန်ကိုဖော်ထွန်းထား ခြင်းဖြစ်ပါသည်။ အလံတွင်ပါဝင်သောသုံးရောင်ခြယ်မှာ အဖြူသည်ဖြူစင်သန့် ရှင်းခြင်း၊ မြင့်မြတ်ခြင်းကိုဖော်ညွှန်းပါသည်။ အနီမှာသွေးကဲ့သို့ရဲရဲနီပြီး ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ အားမာန်ရှိခြင်းကိုဖော်ညွှန်းပါသည်။ အပြာရောင်မှာကရင်လူမျိုးများ၏ပင်ကိုစရိုက်ဖြစ်သော သစ္စာရှိခြင်း၊ ရိုးသားခြင်း၊ တည်ကြည်ခြင်းများကို ဖော်ညွှန်းပါသည်။ အလံများ၏အလျားအနံ့အကျယ်အဝန်းမှာလက်ရှိပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ၏အရွယ်အစားအမျိုးမျိုးအတိုင်းဖြစ်ပါသည်။



၃၆။ **ပါတီ၏ရုံးတံဆိပ်။** အလယ်စက်ဝိုင်းတွင်ဖားစည်၏မျက်နှာကိုထည့်သွင်းထားခြင်းဖြစ်ပါသည်။ ဖားစည်၏အပေါ်တွင် ပါတီ၏အမည် မြန်မာဖြင့်ကရင်ပြည်သူ့ပါတီ(ကပပ)ဟူ၍၄င်း၊ အင်္ဂလိပ်ဖြင့် Kayin Peoples Party (K.P.P) ဟူ၍ ၄င်း၊ အောက်အနားတွင်ပါတီဌာနချုပ်၊ တိုင်း၊ မြို့နယ်စသည်ဖြင့်ဖော်ပြရန်ဖြစ်သည်။

၃၇။ **ရင်ထိုးတံဆိပ်၊** ရင်ထိုးတံဆိပ်မှာ နောက်ခံအဖြူ/အနီ/အပြာပေါ်တွင်ရွှေရောင်မျဉ်းကြောင်းဘောင်ခတ်ထားပြီးဘယ်အစွန်းတွင်ပါတီ၏သင်္ကေတအမှတ်တံဆိပ်ဖြစ်သောဖားစည်မျက်နှာပြင်ကိုဖော်ပြထားပါသည်။ အပေါ်စာတမ်းတွင် ကရင်ပြည်သူ့ ပါတီစာတမ်းကိုအနက်ရောင်နှင့်အောက်တွင် Kayin Peoples Party စာတမ်းကိုအနီရောင်ဖြင့် ရေးသားထားပါသည်။

၅၈။ **ပါတီဆိုင်းဘုတ်(Sign Post)။** ဆိုင်းဘုတ်၏အရွယ်အစားပေါ်မူတည်ပြီး အချိုးညီစွာစာတမ်းနှင့် အသင်းသင်္ကေတအမှတ်အသားကို ထည့်ရန်ဖြစ်ပါသည်။ အပေါ်စာတမ်းတွင်ကရင်ပြည်သူ့ပါတီဌာနချုပ်၊ ကရင်ပြည်သူ့ပါတီ (တိုင်း/မြို့နယ်)ဟုရေးထားပြီးအောက်အင်္ဂလိပ်စာတမ်းအစားတွင် ပါတီတည်နေရာ တိုင်း/မြို့နယ် ဖော်ပြရန်ဖြစ်သည်။



## အခန်း ၁၀
## အထွေထွေ

၅၉။ ပါတီမှသတ်မှတ်ထားသော အမည်၊ တံဆိပ်၊ အလံ တို့ဖြင့်ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် လက်ခံဆောင်ရွက်ပိုင်ခွင့်နှင့်စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်နှင့်တရားစွဲဆိုပိုင်ခွင့်ရှိရမည်။

၆၀။ ပါတီဝင်တို့လိုက်နာရမည့်စည်းကမ်းနှင့်ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့်ကျင့်ဝတ်ဖောက်ဖျက်သူပါတီဝင်များအားစုံစမ်းအရေးယူခြင်းဆိုင်ရာကိစ္စရပ်များသည်လည်းကောင်း၊ ဗဟိုကော်မတီကသတ်မှတ်ထားသည့် အတိုင်းဖြစ်သည်။

၆၁။ ဗဟိုကော်မတီဝင်၏ကိုယ်စားဗဟိုအလုပ်အမှုဆောင်ကော်မတီသည်ပါတီ၏ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန်လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။ အနီးကပ်ဗဟိုကော်မတီအစည်း အဝေးသို့တင်ပြအတည်ပြုချက်ရယူသွားမည်။

၆၂။ ဗဟိုကော်မတီသည်တည်ဆဲစည်းမျဉ်းများ လုပ်ထုံးလုပ်နည်းများကိုဆုံးဖြတ်ပြင်ဆင်နိုင်ခွင့်ရှိသည်။

၆၃။ အငြင်းပွားဖွယ်ရာကိစ္စရပ်များပေါ်ပေါက်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီကအမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေး၍ အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေးတွင်တင်ပြရမည်။

၆၄။ ပြည်နယ်၊ တိုင်း၊ မြို့နယ်ပါတီကော်မတီများမှဗဟိုကြီးကြပ်မှုဖြင့် မိမိဒေသအခြေအနေနှင့်လိုက်လျောညီထွေဖြစ်စေမည့်အမိန့်၊ ညွှန်ကြားချက်များကိုထုတ်ပြန်ခွင့်ရှိသည်။ ထိုသို့ထုတ်ပြန်ချက်ကိုပါတီရုံးချုပ်သို့တင်ပြရမည်။

၆၅။ ကရင်ပြည်သူ့ပါတီ၏ပါတီအဆင့်ဆင့်သည်အခြား သောအဖွဲ့အစည်းများနှင့်ငွေကြေး၊ ပစ္စည်း၊ အထောက်အပံ့ရယူ၍ လုပ်ငန်းဆောင်ရွက်ခြင်းများ (သို့) သဘောတူညီ ချက်လက်မှတ်ရေးထိုးခြင်းများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ခွင့်ပြုချက် (သို့) သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၆၆။ **ဖွဲ့စည်းပုံစည်းမျဉ်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း။** ဤဖွဲ့စည်းပုံစည်းမျဉ်းကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းပြုလိုပါကဗဟို အလုပ်အမှုဆောင်ကော်မတီကမူကြမ်းရေးဆွဲ၍ အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေးသို့တင်ပြကာကော်မတီဝင် ၅၀%၏သဘောတူညီမှုရရှိမှသာလျှင်အတည်ဖြစ်သည်။